BURMESE WOMEN'S UNION

# အမျိုးသမီးများဆိုင်ရာ လစဉ် သတင်းအနှစ်ချုပ်

# June 2022

## နိဒါန်း

မတရား ဖိနှိပ်ချုပ်ချယ်မှုများနှင့် အန္တရာယ်များကြား အမျိုးသမီးများ၏ နိုင်ငံရေးတက်ကြွလှုပ်ရှားမှုသည် အရှိန်ကောင်းနေဆဲဖြစ်သည်။ စစ်ကောင်စီဘက်မှ အမျိုးသမီးများ အပါအဝင် ၎င်းတို့အား ဆန့်ကျင်သည့် ပြည်သူထုထုများအား ထိန်းချုပ်နိုင်ရန် မတရားဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ဓားစားခံအဖြစ် ဖမ်းဆီးခြင်းနှင့် နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းများ ဆက်တိုက်လုပ်ဆောင်လျက်ရှိသည်။ ထို့အပြင် ၎င်းတို့၏ လက်ပါးစေအဖွဲ့ဖြစ်သည့် ပျူစောထီးအဖွဲ့သည်လည်း စစ်တပ်နည်းတူ အမျိုးသမီးများအား မုဒိမ်းပြုကျင့်ခြင်းနှင့် သတ်ဖြတ်ခြင်းများကို ဆက်တိုက်လုပ် ဆောင်နေသည်။ စစ်ကောင်စီဘက်မှ အချို့တိုင်းဒေသကြီးများတွင် အင်တာနက်များ ဖြတ်တောက်ထားသဖြင့် ထိုဒေသအတွင်း အမျိုးသမီးများအပေါ် အခွင့်အရေးချိုးဖောက်မှုများနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအချက်အလက်များကို ရရှိရန် ခက်ခဲနေသည်။

ယခု အမျိုးသမီးများဆိုင်ရာ သတင်းအနှစ်ချုပ်သည် မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) မှ ဇွန်လ အတွင်း ခိုင်လုံသော သတင်းမီဒီယာများမှ စုဆောင်းရရှိထားသော သတင်းအချက်အလက်များအပေါ်တွင်သာ အခြေခံ၍ ပြင်ဆင်ထားခြင်း ဖြစ်သည်။ BWU မှ ကောက်ယူထားသော အချက်အလက်များနှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ စာရင်းပြုစုထားချက်များအရ ဇွန်လအတွင်း သေဆုံးသူ အမျိုးသမီး စုစုပေါင်း (၃၄) ဦး ရှိပြီး (၁၀၂) ဦး ဖမ်းဆီးခံခဲ့ရသည်။

## အမျိုးသမီး နိုင်ငံရေးလှုပ်ရှားမှုများ

စစ်ကောင်စီမှ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအား ဖိနှိပ်ညှဉ်းပန်းကာ ဖမ်းဆီးထောင်ချနေသော်လည်း အမျိုးသမီးများ၏ နိုင်ငံရေးပါဝင်မှုသည် အရှိန်လျော့ကျသွားခြင်းမရှိပေ။ တက်ကြွလှုပ်ရှားသူအမျိုးသမီးများနှင့် ပြည်သူလူထုအား စစ်ကောင်စီဘက်မှ မြို့အဝင်အထွက်ဂိတ်များတွင် တင်းကြပ်သည့် စစ်ဆေးမှုများ၊ အသွားအလာကန့်သတ်ခြင်းများနှင့် စောင့်ကြည့်ခြင်းများ ပြုလုပ်နေသည့်ကြားပင် ၂၀၂၂ ခုနှစ် ဇွန်လအတွင်း သပိတ်များတွင် အမျိုးသမီးများ ဦးဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့သည်။ ဇွန်လ ၁၉ ရက် "ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ပပျောက်ရေး" နေ့တွင်လည်း အမျိုးသမီးများသည် နှုတ်ခမ်းနီ အွန်လိုင်းကမ်ပိန်းများနှင့် "လိင်အကြမ်းဖက် မုဒိမ်းတပ် ငါတို့လက်နဲ့ အဆုံးသတ်" ဆိုသည့် စာတမ်းများကိုင်ဆောင်၍ စစ်တပ်၏ စစ်လက်နက်သဖွယ်အသုံးပြုနေသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ဖော်ထုတ်သည့် လမ်းလျှောက်သပိတ်များ ပြုလုပ်ခဲ့သည်။ စစ်အာဏာရှင် အမြစ်ဖြုတ်ချေမှုန်းရေးအတွက် အမျိုးသမီးများသည် ရသည့်နေရာဒေသများမှ ပျောက်ကျားသပိတ်များဖော်ဆောင်ကာ ပြည်သူလူထုနှင့် ရပ်တည်နေကြောင်း နှိုးဆော်မှုများဖြင့် ဆက်လက်ဆန္ဒထုတ်ဖော်နေဆဲဖြစ်သည်။




*Photo 1: Women's march in Sagaing. Photo from Women Alliance Burma*

ထို့အပြင် အကျဉ်းကျ အမျိုးသမီးများသည် ထောင်အာဏာပိုင်များ၏ မတရားဖိနှိပ်မှုများကို သပိတ်မှောက်၍ ဆန္ဒထုတ်ဖော်နေကြသည်။ အင်းစိန်ထောင်တွင်းရှိ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးအား ထောင်အာဏာပိုင်များမှ မီးဖွားရန် ဆေးရုံသို့ အချိန်မှီ ပို့ဆောင်ပေးမှု ပျက်ကွက်သောကြောင့် ကလေးပျက်ကျသဖြင့် အမျိုးသမီး အကျဉ်းသူများမှ ထောင်တွင်း သပိတ်မှောက်မှု ဖြစ်ပွားခဲ့သည်ဟု သိရှိရသည်။ ထို့ကြောင့် အကျဉ်းသူများ အဆောင်တွင် နှစ်ပတ်ကျော်ကြာသည်အထိ သောက်သုံးရေများ ဖြတ်ထား၍ အကျဉ်းသူများမှာ အိမ်သာရေကိုသာ သောက်သုံးနေရသဖြင့် ဝမ်းပျက်ဝမ်းလျှောဝေဒနာ ခံစားနေကြရသည်ဟု ထောင်ဝင်စာတွေ့ခဲ့သည့် အမျိုးသမီးတစ်ဦးမှ သိရှိရကြောင်း RFA ထုတ် သတင်းမှ သိရှိရသည်။[1]

[1] RFA, 11th June 2022. https://www.facebook.com/watch/?ref=saved&v=5256345277797035




Photo 2:အကျဉ်းချခံထားရသူတစ်ဦးမှ ရေးသည့်စာ

အကျဉ်းချထားရသူများသည် ထောင်အာဏာပိုင်များ၏ မတရားငွေကြေးကောက်ခံခြင်းကို ရင်ဆိုင်ကြုံတွေ့ နေရသည်ဟုလည်း သိရှိရသည်။ ၎င်းတို့၏ ပုဂ္ဂိုလ်ရေးရာကိစ္စ အိမ်မှုကိစ္စများကို ခိုင်းစေသည့်အပြင် လစဉ်ကြေးများ၊ အသုံးစရိတ်အတွက် အကျဉ်းချ ခံထားရသူများမှ ကောက်ခံနေသည်ဟု သိရှိရသည်။ ထောင်အာဏာပိုင်များသည် အကျဉ်းသူ အကျဉ်းသားများအား မိမိတို့ ပုဂ္ဂိုလ်ရေး ကိစ္စရပ်များအတွက် အာဏာကို အလွဲသုံးစား လုပ်မှုများကို သုံးသပ်တွေ့မြင်ရသည်။

အမျိုးသမီးများသည် စစ်အာဏာရှင် အမြစ်ဖြုတ်ချေမှုန်းရေး အတွက် မိမိတို့၏ အမြတ်တနိုးသိမ်းဆည်းထားသည့် ရွှေငွေများအား တော်လှန်ရေးအတွက် ထောက်ပံ့ လှူဒါန်းမှုများလည်း ရှိခဲ့သည်။ အညာဒေသမှ မြိုင်ဒေသခံများသည် ၎င်းတို့ နေအိမ်များအား စစ်ကောင်စီ တပ်သားများမှ မီးရှို့ဖျက်ဆီးခဲ့သော်လည်း တော်လှန်ရေး အောင်မြင်ရန် အတွက် ၎င်းတို့ အမြတ်တနိုး တန်ဖိုးထားသည့် ရွှေနားကပ်များအပါအဝင် ရွှေငွေ ပစ္စည်းများကို ပြည်သူ့ကာကွယ်ရေးတပ်များကို လှူဒါန်းခဲ့သည်။[2]




Photo 3: Women's donating earring-Photo from Bago Watchnews

**“မိန်းကလေးတယောက်အနေနဲ့ ဘာမှ မရှိရင်နေ နားဖူးတွေကို အမြတ်တနိုး တန်ဖိုးထားကြတဲ့အရာတွေ။ အခု စစ်အာဏာရှင် လက်ထက်မှာ ကိုယ့်အသက်ကိုယ်လဲမပိုင်ဘူး နောက်ပြီးတော့ ကိုယ့်အိမ်တွေဘာတွေကိုလဲ မပိုင်ဆိုင်တော့တဲ့ အချိန်မှာ ဒါတွေကို အလှုစစ်လို့မမြင်တော့လို့ ရဲရဲဝင့်ဝင့် ချွတ်လှူခဲ့တာပါ”[3] (နားကပ်လှူဒါန်းခဲ့သည့် မြိုင်ဒေသခံ အမျိုး သမီးတဦး)**

---

[2] Bago Watchnews, 10th June 2022. https://www.facebook.com/bagowatch/posts/554834519484149

[3] The Irrawaddy, 30th June 2022. https://www.facebook.com/watch/?v=1493148997772335

ပြည်သူ့ကာကွယ်ရေးတပ်များတွင် ဝင်ရောက်ကာ လက်နက်စွဲကိုင်၍ စစ်အာဏာရှင်အား တော်လှန်နေသည့် အမျိုးသမီးများ၏ လှုပ်ရှားမှုများလည်း ပိုမိုကျယ်ပြန့်လာသည်။ သတင်းမီဒီယာများမှ အမျိုးသမီးစစ်သည်များ၏ တော်လှန်ရေးဖြတ်သန်းမှုများကို ရေးသားဖော်ပြမှုများလည်း ပိုမိုတွေ့ရှိလာရသည်။

**"အမျိုးသမီးတွေဟာ စစ်ရေးနဲ့မသက်ဆိုင်ဘူးဆိုတဲ့ ယူဆချက်ဟာ ဒီနွေဦးတော်လှန်ရေးမှာတော့ မဖြစ်နိုင်ဘူးပေါ့။ ဘာလို့ ဆိုအမျိုးသမီးတွေဟာ ခန္ဓာဗေဒအရ နွဲ့နှောင်းနိုင်ပေမယ့် စစ်ရေးလေ့ကျင့် တဲ့အခါ အမျိုးသားတွေနဲ့တန်းတူလုပ်နိုင်ကြတယ်။ ခုဆိုစစ်မျက်နှာပြင်တိုင်းလိုလို အမျိုးသမီးတွေ ပါလာကြပြီ" (BPLA မှ စစ်သမီး အကြည်)**

## အမျိုးသမီးများ၏ လုံခြုံရေးအခြေအနေ

လက်ရှိ မြန်မာနိုင်ငံအခြေအနေတွင် အမျိုးသမီးများအပါအဝင် ပြည်သူလူထု တရပ်လုံးတွင် လုံခြုံမှု ကင်းမဲ့နေသည်။ နိုင်ငံရေး မတည်ငြိမ်မှုနှင့် တရားဥပဒေစိုးမိုးမှု မရှိခြင်းတို့ကြောင့် စစ်ကောင်စီမှ ကျူးလွန်သည့် ဆိုးရွားလွန်းသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအပြင် စားပြတိုက် လုယက်မှုနှင့် တို့ဆေးအသုံးပြု၍ ပစ္စည်းလုယက်ခြင်းများလည်း နေ့စဉ် ပိုမို များပြားလာလျက်ရှိပြီး တရားဥပဒေအရ ထိန်းချုပ်မှုများလည်း ကင်းမဲ့နေသည်။ ဇွန်လ ၁၈ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ မင်းဖူးကျေးရွာမှ အဖွားအိုတစ်ဦးသည် ဓားပြတိုက်၍ သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။[4] စစ်ကိုင်း တိုင်း၊ ရွှေဘိုခရိုင်၊ ဝက်လက် မြို့နယ်၊ ညောင်ပင်ကြီးတော ကျေးရွာတွင် အသက် ၇၀ ကျော် အဖွားတစ်ဦးနေအိမ် တွင်လည်း ဇွန် ၁၄ ရက် မနက်ပိုင်းချိန်တွင် ဓားပြတိုက်ခြင်း ခံရသည်ဟု သိရှိရသည်။[5] ဓားပြတိုက် လုယက်မှုများတွင် သတ်ဖြတ်ခံရခြင်းများလည်း ဆက်တိုက်ရှိနေသောကြောင့် အမျိုးသမီးများနှင့် ပြည်သူတရပ်လုံးတွင် အသက်အန္တရာယ် စိန်ခေါ်မှုများ တိုးပွားလာသည်။

ထို့အပြင် အမျိုးသမီးများသည် မိသားစုအသက်ရှင် ရပ်တည်ရေးနှင့် ပတ်သက်၍လည်း စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရသည်။ ဓာတ်ဆီနှင့် စားသောက်ကုန်ပစ္စည်း ဈေးနှုန်းများမှာလည်း တရိပ်ရိပ် မြင့်တက်လာသည့် အပြင် အလုပ်အကိုင်ရှားပါးမှုတို့ကြောင့် လောင်းကစားဝိုင်းများမှ ဝင်ငွေရှာရန် ကြိုးပမ်းမှုများ များပြားလာ

[4] BNA, 20th June 2022. https://www.facebook.com/permalink.php?story_fbid=1755199748903178&id=107469705028678

[5] Voice of Myanmar, 15th June 2022. https://www.facebook.com/VoiceofMyanmarNews/posts/1083685922233080

သည်။ HI သတင်းဌာနမှ ဖော်ပြထားသည့် သတင်းတခုတွင် အိမ်ရှင်မ အမျိုးသမီးများ၏ လောင်းကစားဝိုင်းများ ပေါများလာသည်နှင့် ပတ်သက်၍ အောက်ပါအတိုင်း စိုးရိမ်ပူပန်မှုများကို မျှဝေခဲ့သည်။[6]

> **“လောင်းကစားလုပ်ဖို့ ခွင့်ပြုတာဟာ ကျမတို့အမျိုးသမီးတွေအတွက် အဖက်ဖက် ထိခိုက်တာပဲ။ အိမ်ထောင်ရေး ပြဿနာ၊စီးပွားရေးပြဿနာ နောက်အမျိုးသမီးဘဝလုံခြုံရေးတွေ စိုးရိမ်ရပါတယ်။ ခေတ် ကာလက ဘယ်သူကို တိုင်လို့တိုင်ရမှန်းမသိ။ ကိုယ့်လုံခြုံရေးကိုယ် တာဝန်ယူနေရတဲ့ ခေတ်ကာလပါ။”**

ထိုလောင်းကစားဝိုင်းများအား ထိန်းချုပ်မှု မရှိပါက အိမ်တွင်းအကြမ်းဖက်မှုနှင့် လုယက်သတ်ဖြတ်ခြင်းများထိပါ ဖြစ်လာနိုင်သည်ဟု သုံးသပ်ရှုမြင်ပါသည်။

စစ်ကောင်စီသည် စားသောက်ကုန်ဝယ်ယူမှုများတွင်လည်း ကန့်သတ်မှုများ ပြုလုပ်နေသည်။ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်မှ ဒေသခံပြည်သူများကို စစ်ကောင်စီဘက်မှ လူတစ်ဦးလျှင် ဆန်သုံးပြည် အထိသာ သယ်ယူခွင့်ပြုထားသောကြောင့် ဒေသခံများအတွက် စားနပ်ရိက္ခာများ ခက်ခဲနေကြောင်း သိရှိရသည်။[7] ပြည်သူ့ကာကွယ်ရေးတပ်များကို စားနပ်ရိက္ခာများ ပြတ်တောက်စေရန် အကြောင်းပြ၍ နေ့စဉ်ဈေးဝယ်ယူမှုများနှင့် ဆန်ဝယ်ယူမှုများတွင် ကန့်သတ်မှုများနှင့် တင်းကြပ်သည့် စစ်ဆေးမှုများကြောင့် အိမ်ရှင်မများမှာ စားဝတ်နေရေး အကြပ်အတည်းများအပြင် စိတ်မလုံခြုံမှုများနှင့် ကြုံတွေ့နေရသည်။

စစ်ကောင်စီ၏ ဖွဲ့စည်းပေးထားသည့် စစ်ကိုင်းဒေသကြီး၊ ကန့်ဘလူမြို့ နတ်အင်း ကျေးရွာမှ ပျူစောထီး ခေါင်းဆောင်သည် ကျောင်းတက်နေသည့် ၈ နှစ်အရွယ် ဒုတိယတန်း ကျောင်းသူတစ်ဦးအား ဇွန်လ ၆ ရက် နေ့တွင် အဓမ္မပြုကျင့်မှု ဖြစ်ပွားခဲ့ကြောင်း BHRN သတင်းမှ တင်ပြခဲ့သည်။[8]

---

[6] HI, May 11th 2022. https://www.facebook.com/honestinfo/posts/2011832212333511

[7] The 74 Media, 1st June 2022. https://www.facebook.com/The74Media/posts/570000321186160

[8] BHRN, 9th June 2022. https://www.facebook.com/BHRNUK/posts/350004473907227

> *ပျူူတွေက သူတို့နားတဲ့ စာသင်ကျောင်းက အခန်းထဲကို ချော့ခေါ်ပြီး ပြုကျင့်တယ်လို့ သိထားတယ်ဗျ။ အဲဒါကို စစ်သားက ရွာခံတွေကျေနပ်အောင် နဲနဲပါးပါးရိုက်ပြတယ် သူတို့အချင်းချင်း လုပ်နေကျအကွက်ပဲဗျ။ အခုလိုဖြစ်လည်း ပျူူရွာတွေဆိုတော့ ကျောင်းကတော့တက်မြဲပဲ။ ဒါပေမယ့် ပြုကျင့်ခံရတဲ့ မိန်းကလေးကိုတော့ ကျောင်းကိုမပို့တော့ဘူး။ " (ဒေသခံတစ်ဦး)*




Photo 4: Women advocate about Sexual violence, photo from Women Alliance Burma

အဓမ္မပြုကျင့်သူမှာ ထိုက်တန်သည့် ပြစ်ဒဏ်ခံရခြင်း မရှိဘဲ ကင်းလွတ်ခွင့်ရနေသည်။ သို့သော်လည်း ထိုသမီးငယ်သည် သူမ၏ အရေးကြီးသည့် လူ့အခွင့်ရေးတခုဖြစ်သည့် ကျောင်းနေခွင့်ကို ဆုံးရှုံးလိုက်ရသည်။ ၎င်းမှာ တရားဥပဒေစိုးမိုးမှု မရှိသည့် ကာလတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များ အတွက် ဘဝအာမခံချက် မရှိသည့် သာဓက တခုဖြစ်သည်။

## အမျိုးသမီး ဖမ်းဆီးခံရမှုများ

တက်ကြွလှုပ်ရှားသူ အမျိုးသမီးများ အပါအဝင် နိုင်ငံရေး တက်ကြွလှုပ်ရှားသူများအား ထိန်းချုပ်နိုင်ရန် စစ်ကောင်စီဘက်မှ လူမှုကွန်ယက် စာမျက်နှာတွင် နိုင်ငံရေးနှင့် သက်ဆိုင်သည့် ပိုစ့်မျှဝေရုံဖြင့်လည်း မတရားဖမ်းဆီး ထောင်ဒဏ်ချမှတ်ခြင်းများ ဆက်တိုက် လုပ်ဆောင်လျက်ရှိသည်။

လူမှုကွန်ယက်တွင် နိုင်ငံရေးနှင့် သက်ဆိုင်သော ပိုစ့်များ ရှဲသည်ဟု ဆိုကာ ပြီးခဲ့သည့် မေလ ၂၉ ရက် ည ၁၁ နာရီခန့်တွင် ဖမ်းဆီးခံထားရသည့် တနင်္သာရီတိုင်း၊ မြိတ်မြို့ မြိတ်တောင်နယ်မြေ ဇေယျာသီရိ ၁ ရပ်ကွက်မှ မဇင်မာဝင်းအား ဇွန်လ ၁၄ ရက်တွင် ထောင်ဒဏ် ၂ နှစ် ချမှတ်ခဲ့သည်။[9] ဇွန်လ ၁၇ ရက်နေ့တွင်လည်း ကမာရွတ်မြို့နယ် အမှတ် (၃) ရပ်ကွက်၊ မြနန္ဒာလမ်း မြသီတာကွန်ဒိုတွင် နေထိုင်သည့် နော်ကြယ်စင် (ခ) မချိုမာအား ပြည်သူ့ကာကွယ်ရေးတပ်များကို ထောက်ပံ့သည်ဟု စွပ်စွဲချက်ဖြင့် နေအိမ်သို့ ည ၈ နာရီအချိန်တွင် အကြမ်းဖက်စစ်ကောင်စီ တပ်သားများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့မှ ဝင်ရောက်ဖမ်းဆီးခဲ့သည်။[10]

---

[9] BHRN, 15th June 2022. https://www.facebook.com/BHRNUK/posts/354093296831678

[10] Myanmar Pressphoto Agency, 18th June 2022. https://www.facebook.com/mmpressphoto/posts/7662157623825198

စစ်ကောင်စီသည် အမျိုးသမီးများအား ဖမ်းဆီးမှုများ ပြုလုပ်ရာတွင် အရပ်ဝတ်များလည်း ပါဝင်ပြီး အင်အား အဆမတန် သုံးသည့်အပြင် ညဘက်အချိန်တွင် နေအိမ်များသို့ ဝင်ရောက်စီးနင်းခြင်းများ ပြုလုပ်နေသည်ကို တွေ့ရှိရသည်။ မြိတ်ခရိုင် ပုလောမြို့မှ ဆိုင်ကယ်အပိုပစ္စည်း နှင့် ကုန်မာဆိုင်ပိုင်ရှင်များ ဖြစ်သော အမျိုးသမီး နှစ်ဦးအပါဝင် အရပ်သား ငါးဦးအား ဇွန်လ ၁၅ ရက်တွင် အကြောင်းပြချက်တစုံတရာ မပြောဘဲ ဖမ်းဆီးသွားခဲ့ကြောင်း သိရှိရသည်။[11]

အာဏာသိမ်းရန် ကြိုးပမ်းသည့် စစ်ကောင်စီသည် စိတ်ဓာတ်စစ်ဆင်ရေးအဖြစ် ၎င်းတို့အား ဆန့်ကျင်တော်လှန်နေသူများ၏ မိသားစုဝင်များကို ဓားစားခံအဖြစ် ဖမ်းဆီးမှုများ ဆက်လက် လုပ်ဆောင်နေဆဲဖြစ်သည်။ ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာမှ ရှေ့နေ ဒေါ်ဖြူဖြူခိုင်၏ နေအိမ်သို့ ဇွန်လ ၈ ရက်နေ့တွင် ဝင်ရောက်ဖမ်းဆီးချိန် သူမအား မတွေ့သဖြင့် မောင်ဖြစ်သူနှင့် ညီမ နှစ်ဦးအပါအဝင် မိသားစုဝင် ၃ ဦးကို ညှင်းပန်းနှိပ်စက်၍ ဓားစားခံအဖြစ် ဖမ်းဆီးသွားသောကြောင့် တိမ်းရှောင်နေသည့် ဒေါ်ဖြူဖြူသည် ပိုးသတ်ဆေးသောက်ကာ သေကြောင်းကြံစည်၍ အသက်သေဆုံးခဲ့ရသည်။[12] ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုလမ်းနေ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် ဒုတိယနှစ် ဥပဒေကျောင်းသူတဦးဖြစ်သူ မရွှေရည်ဝင်းနှင့် ဖခင်အား စစ်တပ်မှ အင်အားအလုံးအရင်းဖြင့် ဇွန်လ ၁၅ ရက် ည ၁၀ နာရီ တွင် ဝင်ရောက်ဖမ်းဆီးခဲ့သည်။[13]

စစ်ကိုင်းတိုင်း ရေဦးမြို့နယ် မုန်တိုင်ပင်ရွာဘုန်းကြီးကျောင်းဝင်းတွင် အရပ်သားများအား အစုလိုက် အပြုံလိုက် ဖမ်းဆီးသတ်ဖြတ်ခြင်းကိုလည်း စစ်ကောင်စီတပ်သားများက ကြွားဝါပြောဆိုခြင်းများကိုလည်း RFA သတင်းဌာနတွင် အသေးစိတ်ဖော်ပြချက်များကို တွေ့ရှိရသည်။[14] ထိုဖြစ်စဉ်တွင် ဖမ်းဆီးခံရသူများတွင် အမျိုးသမီးများလည်း အပါအဝင်ဖြစ်သည်ဟု သိရှိရသည်။

**“ယောကျ်ားသီးသန့် မိန်းမသီးသန့် ခွဲပြီးတော့။ ခဏနေတော့ ယောကျ်ားတွေကို အရှေ့ဘုရား တိုက်ကြီးအောက်ကို ခေါ်သွားတယ်ခင်ဗျ။ ဒူးတုတ်ထိုင်ခိုင်းပြီးတော့ မိန်းမတွေကို တခါ ပြန်ခေါ်တယ်။ မိန်းမတွေက ငိုလားရယ်လားလုပ်တော့ မိန်းမတွေကို တော်တော်လေးကြာတော့ ပြောဆိုပြီးတော့ ကျောင်းကြီးအောက်ကို ပြန်သွင်းပြီးတော့ သော့ခတ်ထားခဲ့တယ်"[15]**

မိမိတို့ စုဆောင်းရရှိသော သတင်းများမှ ယခုဇွန်လအတွင်း ဓားစားခံ ဖမ်းဆီးခြင်း (၃) မှု ရှိခဲ့သည်။

---

[11] BHRN, 15th June 2022. https://www.facebook.com/BHRNUK/posts/354861230088218

[12] Mandalay Free Press, 13th June 2022. https://www.facebook.com/mandalayfreepress/posts/197061812647312

[13] Sisters 2 Sisters, 16th June 2022. https://www.facebook.com/SpeakUp4MyanmarWomen/posts/352783040320652

[14] RFA, 25th June 2022. https://www.facebook.com/watch/?ref=saved&v=420017833365182

[15] RFA, 25th June 2022

## သေဆုံးမှုများ

၂၀၂၂ ခုနှစ် ဇွန်လအတွင်း စစ်ကောင်စီတပ်သားများ၏ လက်နက်ရမ်းသမ်းပစ်ခတ်ခြင်း၊ မိုင်းနင်းမိခြင်း၊ မီးရှို့သတ်ဖြတ်ခံရခြင်းနှင့် သတ်ဖြတ်ခြင်းတို့ကြောင့် သေဆုံးခဲ့ရသူများတွင် အမျိုးသမီးများလည်း ပါဝင်သည်။ လူထုအာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်သည့် ကိုယ်ဝန် ၅ လလွယ်ထားရသည့် ကျောင်းဆရာမအပါအဝင် အမျိုးသမီး ၃ ဦးနှင့် အရပ်သား ၂ ဦးတို့အား အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခြင်းကို ပြုလုပ်ခဲ့ကြောင်း ရေစကြို မြောက်ပိုင်း ပြောက်ကျားတပ်ဖွဲ့ (N-YSO) မှ ထုတ်ပြန်ခဲ့သည်။[16]

ထို့အပြင် စစ်ကောင်စီတပ်နှင့် ၎င်းတို့၏ ပျူစောထီးအဖွဲ့ဝင်များမှ ဝင်ရောက်မီးရှို့ခဲ့သဖြင့် နေအိမ် ၃၁ လုံး မီးလောင်ပျက်စီးခဲ့ပြီး အသက် ၈၀ ဝန်းကျင်အရွယ် အမျိုးသမီးတစ်ဦး မီးလောင်သေဆုံးခဲ့ရသည်။[17] ဇွန်လ ၂၂ ရက်နေ့တွင် လောင်းလုံးမြို့နယ်၊ ဝဗျောကျေးရွာမှ အသက် ၄၉ နှစ်အရွယ် ဒေါ်ခင်ချို (ခ) မယ်ချိုအား စစ်ကောင် စီတပ်သားများမှ ဖမ်းဆီးပြီးနောက် ၃ နာရီအကြာတွင် နိုပ်စက်ခြင်း ခံထားရသည့် ဒဏ်ရာများဖြင့် ရုပ်အလောင်းအား နေအိမ်အနီးမြောင်းတစ်ခုတွင် လာရောက်စွန့်ပစ်ခဲ့မှုလည်း ဖြစ်ပွားခဲ့သည်။[18] စစ်ကောင်စီ တပ်သားများနှင့် ပျူးစောထီးအဖွဲ့ဝင်များသည် အမျိုးသမီးများအပါအဝင် အရပ်သားပြည်သူများပေါ်တွင် လူသားဖြစ်မှုကို ဆန့် ကျင်သည့် ရာဇဝတ်မှုများကို ကျူးလွန်လျက်ရှိသည်။

တဖက်တွင်လည်း အမျိုးသမီးများနှင့် ကလေးသူငယ်များသည် ပဋိပက္ခအတွင်း လက်နက်ထိမှန်မှုများ ခံနေကြရသည့် မြေစာပင်များ ဖြစ်နေကြရသည်။ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ခလယ်-တံခွန်တိုင်ရဲ စခန်းတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်နဲ့ ကရင်လွတ်မြောက်ရေး တပ်မတော် KNLA ပူးပေါင်းတပ်ဖွဲ့တို့၏ ပစ်ခတ်မှုအတွင်း အသက် ၃၃ နှစ်အရွယ် မိခင်သေဆုံးပြီး အသက် ၇ နှစ်အရွယ် ကလေးငယ်တစ်ဦး ထိခိုက်ဒဏ် ရာရရှိခဲ့သည်။[19] လှိုင်သာယာမြို့ အမှတ် (၅) ရပ်ကွက် နဝရတ်လမ်းထဲတွင် ဗုံးပေါက်ကွဲမှုတွင်လည်း အမျိုးသမီး တစ်ဦးနဲ့ အသက် ငါးနှစ်အထက် ကလေးတစ်ဦးဒဏ်ရာ ရရှိခဲ့သည်။[20] ဇွန်လ ၁၉ ရက်နေ့၊ နေ့လည်တွင် ကချင် ပြည်နယ်၊ ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု၊ မဒဲန်ယာန် (မော်ဘုံ) ကျေးရွာထဲသို့ စစ်ကောင်စီ၏ လက်နက်

---

[16] The Irrawaddy, 15th June 2022. https://www.facebook.com/theirrawaddyburmese/posts/5756074367770001

[17] RFA, 10th June 2022. https://www.facebook.com/rfaburmese/posts/10161879167088128

[18] BHRN, 22nd June 2022. https://www.facebook.com/BHRNUK/posts/358686493039025

[19] BNI, 4th June 2022. https://www.mmpeacemonitor.org/311169M

[20] RFA, 7th June 2022. https://www.facebook.com/rfaburmese/posts/10161873484923128

ကြီး ကျည် ၂ လုံး ကျရောက်ပေါက်ကွဲခဲ့ရာမှ ဒေသခံအမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦး ဒဏ်ရာရခဲ့သည်။[21]

## စစ်ရှောင်များ အခြေအနေ

ပြည်သူ့ကာကွယ်ရေးတပ်များနှင့် အာဏာသိမ်းရန် ကြိုးပမ်းသည့် စစ်ကောင်စီတို့ကြား တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားနေသောကြောင့် စစ်ရှောင်ဦးရေများ တိုးလာလျက်ရှိသည်။ စစ်ကောင်စီသည် ၎င်းတို့ ဝင်ရောက်ခဲ့သည့် နယ်မြေများတွင် ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးခြင်းသည် စစ်ရှောင်ဦးရေ တိုးလာသည့် အကြောင်းရင်း တရပ်လည်း ဖြစ်သည်။

တနင်္သာရီတိုင်းမှ တိုက်ပွဲများကြောင့် တောတောင်ထဲတွင် ထွက်ပြေးတိမ်းရှောင်နေသည့် စစ်ရှောင်ပြည်သူ ၇၀ ရာခိုင်နှုန်းနီးပါး ငှက်ဖျားရောဂါ အကြီးအကျယ် ခံစားနေရကြောင်း သိရှိရသည်။[22] စစ်ရှောင်စခန်းများတွင် ရာသီပေါ် ဖျားနာခြင်းနှင့် ဖြစ်ပွားလေ့ရှိသော ဝမ်းရောဂါ၊ ငှက်ဖျားရောဂါများအတွက် ကြိုတင်ကာကွယ် တားဆီးရန်နှင့် ကုသရန် လုံလောက်သော ဆေးဝါးများ မရှိခြင်း ကဲ့သို့သော စိန်ခေါ်မှုများ ကြုံနေကြရသည်။

စစ်ရှောင်များအတွက် စားဝတ်နေရေးအတွက် ထောက်ပံ့မှုများ လုံလောက်မှု မရှိသောကြောင့် ငတ်မွတ်ခေါင်းပါးခြင်းကို မြန်မာနိုင်ငံရှိ စစ်ရှောင်များ ကြုံရနိုင်သည်။ မိမိတို့ နေရပ်တွင် စပါးသိုလှောင်ထားသော စစ်ရှောင်များမှာလည်း ရိက္ခာပြန်ယူရန်ပင် မြေမြုပ်မိုင်းဒါဏ်ကို ကြုံရနိုင်၍ အသက်အန္တရာယ် စိန်ခေါ်မှုရှိသည်။ ထို့အပြင် စစ်ကောင်စီဘက်မှ လုံခြုံရေးဂိတ်များတွင် တင်းကြပ်စစ်ဆေးမှုများ စားသောက်ကုန်ဝယ်ယူနိုင်သည့် ပမာဏများကိုလည်း ကန့်သတ်မှုတို့ကြောင့် စစ်ရှောင်များသို့ လှူဒါန်းသော စားသောက်ကုန်များ သယ်ယူပို့ဆောင်ရာတွင် အဟန့်အတား ဖြစ်နေသည်။

စားနပ်ရိက္ခာ အခက်အခဲကြောင့် စိုးရိမ်ပူပန်မှု ရှိနေသည်ကို ကယား(ကရင်နီ)ပြည်နယ် ဒီးမောဆို အနောက်ဘက်ခြမ်းရှိ စစ်ရှောင်တစ်ဦးဖြစ်သူ ဒေါ်မူသိုက် မှ အောက်ပါအတိုင်း ဖလှယ်ခဲ့သည်။

---

21 Network Media Group, 21st June 2022. https://www.facebook.com/permalink.php?story_fbid=1093094767978202&id=382181045736248

22 Than Lwin Times, 2nd June 2022. https://www.facebook.com/KantarawaddyTimes/posts/5112612335523902

**“သူများလှူတာတော့လှူပါတယ်။ သူများမလှူနိုင်တဲ့နောက်ပိုင်းကတော့ တော်ပြတ်မှာပါ။ အဒေါ်တို့လည်း လယ်တွေ ယာတွေပြန်မလုပ်နိုင်ဘူး။ ပြီးခဲ့တဲ့နှစ်တုန်းကတော့နည်းနည်းပါးပါး ပြန်လုပ်နိုင်တယ်။ ဒီနှစ်ကတော့ လုံးဝ မပြန်နိုင်ဘူး လာမည့်နှစ်ကြရင်ဘာစားမလဲ။”**[23]

မိုးရာသီကူးပြောင်းလာသည်နှင့်အမျှ စစ်ရှောင်များတွင် ယာယီတဲဆောက်လုပ်မှုများတွင် မိုးကာ အခင်းများနှင့် ခြံစောင်များလည်း လိုအပ်လျက်ရှိသည်။ မိုးရာသီတွင်း စစ်ဘေးရှောင်စခန်းတွင် တွေ့ကြုံနေရသည့် အခက်အခဲကို စစ်ရှောင်တစ်ဦးမှ ကန္တာရဝတီသတင်းဌာနတွင် အောက်ပါအတိုင်း ပြောပြခဲ့သည်။

“အခက်အခဲက မိုးကြီးလာပြီဆိုရင် မိုးကမလုံတော့ဘူး မိုးကာ ဘယ်နှထပ်အုပ်ထားအုပ်ထား သူယိုနိုင်တယ်လေ။ ညအိပ်နေတဲ့အချိန်ဖြစ်ခါကျတော့လေ မိုးရေက နာဖူးပေါ်ကျလိုက် လက်ပေါ်ကျလိုက် တစက်တစက် ကျလာတော့ဘယ်ကနေ ကျမှန်မသိဘူးလေ။ သေချာကြည့် လိုက်တော့ မိုးကြီးနေတယ်ပေါ့ အသားကုန်သည်းတာပေါ့နော်”[24]

ထို့အပြင် ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ်အတွင်းရှိ စစ်ရှောင်စခန်းများတွင် ကိုယ်ဝန်ဆောင်မိခင်များ ကာကွယ်ဆေးထိုးနှံခွင့် မရရှိသည့်အတွက် ကလေးအသေမွေးဖွားမှုများ ဆက်တိုက်ရှိလာကြောင်း သိရှိရသည်။[25] စစ်တပ်၏ အာဏာသိမ်းရန် ကြိုးပမ်းမှုကာလအတွင်း စစ်ရှောင်ကလေးငယ်များလည်း ပုံမှန်ကာကွယ် ဆေးထိုးခွင့် ဆုံးရှုံးနေသကဲ့သို့ ကိုယ်ဝန်ဆောင်မိခင်များလည်း ကာကွယ်ဆေး ထိုးခွင့်များ ဆုံးရှုံးနေကြသည်။ စစ်ရှောင်စခန်းများတွင် နေ့စဉ်စားသောက်ရေးအတွက် ခက်ခက်ခဲခဲ ဖြေရှင်းနေကြရသည့်အတွက် ကိုယ်ဝန်ဆောင် မိခင်များနှင့် ကလေးငယ်များအတွက် အဟာရပြည့်ဝသော အစားစာများကို လက်လှမ်းမှီရန် စိန်ခေါ်မှု ရှိနေသည်။ ထို့အပြင် စစ်ရှောင်စခန်းများတွင် အမိုးအကာ မလုံလောက်မှု မိုးဒါဏ်လေဒါဏ်ခံနိုင်သည့် နေရာအခင်းအကျင်းဆောက်ရန်ပင် လုံလောက်သော ထောက်ပံ့မှုများ မရှိခြင်းသည်လည်း ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များအတွက် ကျန်းမာရေးကို ဆိုးဝါးစွာ ထိခိုက်စေသည့် အကြောင်းအချက်များလည်း ဖြစ်သည်။

## နိဂုံး

စစ်ကောင်စီ၏ တနိုင်ငံလုံးအား ထိန်းချုပ်ရန် ကြိုးပမ်းမှုကြောင့် ၎င်းတို့အား ဆန့်ကျင် တော်လှန်သူများနှင့် နေ့စဉ်နှင့်အမျှ စစ်ပွဲများ ဆက်တိုက်ဖြစ်ပေါ်နေမှုကြောင့် အမျိုးသမီးနှင့် ကလေးသူငယ်များသည် လက်နက်ကိုင် ပဋိပက္ခအတွင်း သေဆုံးမှုနှင့် ထိခိုက်မှု အများဆုံးဖြစ်နေသည်။ စစ်ရှောင် အမျိုးသမီးများနှင့် ကလေးသူငယ်များမှာလည်း အမျိုးသားများထက်ပို၍ ကျန်းမာရေး

[23] Kantarawaddy Times, 25th June 2022. https://www.facebook.com/KantarawaddyTimes/posts/pfbid02BLNzLHSqVehD3AiS6byxLP6hmPkJBX8XLWQ7SNSbKbLt2SPimAGHN8fXD6tPh2Fl

[24] Kantarawaddy Times, 9th June 2022. https://www.facebook.com/KantarawaddyTimes/posts/5138257362959399

[25] Kantarawaddy Times, 1st June 2022. https://www.facebook.com/KantarawaddyTimes/posts/5112612335523902

စောင့်ရှောက်မှု လိုအပ်နေသည်။ အထူးသဖြင့် စစ်ဘေးရှောင်စခန်းရှိ ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် အဟာရပြည့်ဝစွာ စားသုံးနိုင်ရေးနှင့် ကာကွယ်ဆေးထိုးခွင့်ရရှိရေးမှာလည်း အဓိက လိုအပ်နေသည်။

ထို့အပြင် အမျိုးသမီးများသည် စစ်ကောင်စီ၏ ဓားစားခံဖမ်းဆီးခြင်းများ၏ ပစ်မှတ်များလည်း ဖြစ်နေကြသည်။ အချိန်မရွေး ဖမ်းဆီးခံရနိုင်သကဲ့သို့ သတ်ဖြတ်ခြင်း၊ မုဒိမ်းကျင့်ခြင်းနှင့် လုယက်မှုများကိုလည်း ကြုံတွေ့နေရသည့်အတွက် အမျိုးသမီးများအတွက် လုံခြုံရေး စိန်ခေါ်မှု မြင့်တက်နေသည်။ နေ့စဉ်စျေးဝယ်သုံးရေးတွင် စစ်ကောင်စီ၏ ကန့်သတ်မှုများနှင့် တင်းကြပ်သည့် စစ်ဆေးမှုများကြောင့် ခရီးသွားလာရေးတွင် အကန့်အသတ်များ ရှိနေသည်။

သို့သော်လည်း အမျိုးသမီးများသည် စစ်ကောင်စီ၏ စောင့်ကြည့်ခြင်းများကြားမှ စစ်အာဏာရှင် စနစ်အမြစ်ပြုတ်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် တက်ကြွစွာ ပါဝင်လျက်ရှိသည်။ ယခုနွေဦးတော်လှန်ရေးတွင် အမျိုးသမီးများသည် စစ်အာဏာရှင်နှင့်အတူ လူမျိုးကြီးဝါဒ၊ ကျား-မ အခြေပြု ခွဲခြားမှုများ၊ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများကိုပါ တိုက်ထုတ်နေကြသည်ကို တွေ့ရှိနိုင်သည်။